# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်

## Village Development Plan (VDP)

## ကြံခင်းမြို့နယ်

၂၀၁၈ခုနှစ်

ခနစ်တာကျေးရွာ၊ ဆုံလဲအုပ်စု

# မာတိကာ


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
ရခိုင် ပြည် နယ်
ဧရာဝတီ မြစ်
မြန် အောင် မြို့ နယ်
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မျှင်ဂါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် ဆုံလဲကျေးရွာအုပ်စုပြမြေပုံ




ဆုံလဲကျေးရွာအုပ်စုပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ဆုံလဲကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ မြေခြားကျေးရွာ

၂။ ကျောက်စရစ်ကုန်းကျေးရွာ

၃။ ကျွန်းကြီးကျေးရွာ

၄။ သစ်ဆိမ့်ကုန်းကျေးရွာ

၅။ အိုးဘိုကုန်းကျေးရွာ

၆။ ပေါက်တိုင်းကျေးရွာ

**၇။ ခုနှစ်တာကျေးရွာ**

၈။ ဆီဆုံကုန်းကျေးရွာ

၉။ ရှမ်းစုကျေးရွာ

၁၀။ ခွာမှီကျေးရွာ

၁၁။ ဆုံလဲကျေးရွာ

၁၂။ သဲဖြူကျေးရွာ

၁၃။ အောင်သပြေကျေးရွာ

၁၄။ သပြေလှကျေးရွာ

၁၅။ ကျောင်းကုန်းကျေးရွာ

၁၆။ သပြေကုန်းကျေးရွာ

၁၇။ (မြောင်)အုန်းကုန်းကျေးရွာ

၁၈။ ဆိပ်သာကျေးရွာ

၁၉။ ရွာသစ်ကုန်းကျေးရွာ ဟူ၍ ကျေးရွာပေါင်း (၁၉) ရွာဖြင့်ဖွဲ့စည်းထားပါသည်။

## ၄။ ကျေးရွာ အခြေခံအချက်အလက်များ

ခုနစ်တာကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဆုံလဲ ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ အိမ်ခြေ (၃၈)နှင့် လူဦးရေ (၉၆) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဆုံလဲ အုပ်စု၏ ဗဟိုအဖြစ် ရှမ်းစုကျေးရွာအားသတ်မှတ်၍ ခုနစ်တာကျေးရွာနှင့် ရှမ်းစုကျေးရွာသည် ( ၁ )မိုင် ခန့်ကွာဝေးပါသည်။ ခုနစ်တာကျေးရွာမှ ကြံခင်းမြို့သို့ ( ၄.၅ ) မိုင်ဟုခန့်မှန်းရပါသည်။

ခုနစ်တာကျေးရွာသည် ယခင်ကာလက မြစ်အတွင်းရှိကျွန်းပေါ်တွင်တည်ရှိသော ကျေးရွာဖြစ် ပါသည်။ နှစ်စဉ် မြစ်ရေတိုက်စားမှုကြောင့် ရွာပျက်၍ ၂၀၁၇ တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ယခုရွာတည်ရာ ပေါက်တိုင်းကျေးရွာအရှေ့ခြမ်းသို့ရောက်ရှိလာရခြင်းဖြစ်ပါသည်။ ထို့ ကြောင့် ခုနစ်တာရွာတည်နှစ်မှာ ၂၀၁၇ မှစသည်ဟု ဆိုနိုင်ပေသည်။ ခုနစ်တာကျေးရွာဟုခေါ်တွင်ရ ခြင်းမှာကိုင်းတာများ၏ ခုနစ်တာမြောက်နေရာတွင် ရွာတည်ရှိမှုကို အစွဲပြု၍ ခေါ်ဆိုခဲ့ခြင်းဖြစ်ပေသည်။

အဓိကစီးပွားရေးဟူ၍ ကိုင်းလုပ်ခြင်းလုပ်ငန်းသာရှိပေသည်။ကိုင်းတာများသည်လည်း မြစ်ရေ တိုက်စားမှုကြောင့် ပျက်ဆီးခဲ့ကြရာ ယခုအခါကျေးရွာတွင် အလုပ်လက်မဲ့နှင့် ကျပန်းအလုပ်လုပ်ကိုင် သူများပါသည်။ ယခုရွာတည်ရာနေရာမှာ သဘာဝအရင်းအမြစ်များနှင့် အနည်းငယ်အလှမ်းကွာပါ သည်။ ရွာတည်စတွင် စုပေါင်းမတည်မှုဖြင့်တူးဖော်ထားသော ရေတွင်းရှိပါသည်။ လမ်းများမှာ လှည်းလမ်းသာဖြစ်၍ ကျောင်းသားများနှင့် အလုပ်လုပ်ကိုင်သူများအတွက်အဓိကရင်ဆိုင်နေရသော အခက်အခဲတခုဖြစ်ပါသည်။ ခုနစ်တာကျေးရွာသည် ယခင်က ရွာအတည်တကျမရှိခဲ့သည့်အတွက် လူထုဗဟိုပြုစီမံကိန်း၏ ပထမနှစ်၊ ဒုတိယနှစ်စက်ဝန်းများတွင်စီမံကိန်းလုပ်ငန်းဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ခုနစ်တာကျေးရွာသည် လူထုဗဟိုပြုစီမံကိန်းအား ယခုတတိယနှစ်စက်ဝန်းမှသာ လုပ် ဆောင်ရပါသည်။

ခုနစ်တာကျေးရွာတွင် အဓိကလိုအပ်လျက်ရှိသော အရာများမှာ လမ်း၊ ရေ၊ မီးနှင့် အခြေခံအ ဆောက်အဦးများဖြစ်ပေသည်။ ထို့ပြင်ရွာသားများသည် ပုံမှန်ဝင်ငွေရရှိနိုင်မည့်အလုပ်များနှင့် လုပ်ကိုင် စားသောက်ရန်အရင်းအနှီးများကိုလည်း လိုလားကြပါသည်။ ထိုအရာများပြည့်စုံလာစေရေးသည် ကျေးရွာသူ ကျေးရွာသားများ၏ အိမ်မက်ပန်းတိုင်ပင်ဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်


| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 22-9-2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 5 | 6 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 22-9-2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 20 | 19 | 30 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 22-9-2017 | ချမ်းသာ၊ အလယ်အလက် နွမ်းပါးအုပ်စုများ | 20 | 19 | 30 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 22-9-2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 20 | 19 | 30 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | 22-9-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသ<br>မီးများ | 20 | 19 | 30 | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ်<br>အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | 22-9-2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 20 | 19 | 30 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ<br>(Problem) | 22-9-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထု<br>များ | 20 | 19 | 30 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | 22-9-2017 | ကော်မတီဝင်မျ<br>ား<br>နှင့်ရပ်ရွာလူထု<br>များ | 20 | 19 | 30 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၁၀ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | 3-10-2017 | ကော်မတီဂင်မျ<br>ား၊<br>ရပ်ရွာလူထုများ၊<br>တက်ရောက်သူ<br>အားလုံး | 6 | 14 | 20 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(က) <u>လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ချက်</u>




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

- အဓိက စီးပွားရေးလုပ်ငန်းမှာ ကိုင်းလုပ်ငန်းဖြစ်သည်။ရွာသစ်ဖြစ်၍ ကိုင်းအနည်းငယ်ရှိသူများမှ အပ အခြားသူများမှာ ကျပန်းလုပ်ကိုင်ကြပါသည်။
- သောက်သုံးရေမှာ လုံလောက်စွာရရှိမှုမရှိပါ။ မြစ်၊ ချောင်းစသည့်ရေရရှိနိုင်သည့် နေရာများနှင့် လည်းအလှမ်းကွာဝေးပါသည်။
- ကျေးရွာဆက်သွယ်ရေးလမ်းမှာလယ်ကွင်းများကို ဖြတ်၍ဖောက်ထားသော လှည်းလမ်းသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာတွင်ဆက်သွယ်ရေးလမ်းကောင်းစွာမရှိပေ။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီးအများစုမှာ ကျပန်းလုပ်သားများ၊နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ရွာတွင် အခြေခံအဆောက်အဦးများ မရှိကြပါ။ လိုအပ်ချက်များလည်းများစွာရှိနေသေး သည်ကိုလေ့လာတွေ့ရှိရပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ခ)<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်းနှင့် သုံးသပ်ချက်</u>




**လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း**

## ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ) အဆင့်(၃ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စု များသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် မပြေလည်သူများ ဟုသတ်မှတ်သည်။
- (ဂ)အဆင့်မပြေလည်သူများအုပ်စုတွင် အိမ်ထောင်စု(၅)စု ပါဝင်သည်။
- နွမ်းပါးသော အကြောင်းအရင်းများမှာ ကျပန်းလုပ်ငန်းများ လုပ်ဆောင်ရသောကြောင့် ပုံမှန် ဝင်ငွေ မရှိခြင်း၊ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု မရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သော အဆင့်များ၊ ၎င်းတို့၏ လိုအပ်ချက်များကို ဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံ အဆောက်အဦးများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ရေးဆွဲ အကောင်အထည်ဖော် လုပ်ငန်းများတွင် ကျေးရွာလူထု နွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခ ရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများ လျော့လာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဂ)ရာသီခွင်ပြက္ခဒိန်နှင့် သုံးသပ်ချက်။



ရာသီခွင်ပြက္ခဒိန်


## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

- ကိုင်းလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊ ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- ကိုင်းနှင့် ရာသီသီးနှံပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရ။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါး။
- မိုးရာသီတွင် ရေဖူလုံသော်လည်း နွေလများတွင် ရေရှားပါး။
- ကျန်းမာရေး-ဝါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေ မတူညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှ တာဝန်ခွဲဝေယူမှုနှင့် ကျား၊မရေးရာ သိမြင်ခံစားလာအောင် ဆွေးနွေး (အိမ်မှုကိစ္စပိုင်း လုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှု အကြောင်းဆွေးနွေး၍ ဝင်ငွေတိုးစေခြင်းကို ဆွေးနွေး။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဃ) <u>ပင့်ကူအိမ်ကွန်ယက်နှင့် သုံးသပ်ချက်</u>



ပင့်ကူအိမ်ကွန်ယက်


## ပင့်ကူအိမ်သုံးသပ်ခြင်း၊ ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


- အမျိုးသမီးများ၏ လက်ရှိအနေအထားမှာ အလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ အုပ်ချုပ်မှု၊ လုံခြုံမှုနှင့် အဖွဲ့အစည်းပူးပေါင်းပါဂင်မှုတို့ အားနည်းသည်ကိုတွေ့ရသည်။
- အမျိုးသားများ၏ အလုပ်အကိုင်၊ ဂင်ငွေရှာဖွေနိုင်မှု၊ လုံခြုံမှုတို့တွင် အားကောင်းပြီး အမျိုးသမီးများ အနေဖြင့် အားနည်းနေသည်ကို တွေ့ရသည်။ အမျိုးသမီးများမှာ အိမ်တွင်းမှုတွင်သာ ရာနှုန်းပြည့် နီးပါးဖြစ်နေပါသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုတွင် အချိန်ကုန်နေရပြီး လုံခြုံမှု နည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ဂင်ငွေရှာဖွေနိုင်မှု နည်းပါးခြင်း။
- ကျေးရွာတွင် အမျိုးသမီးသီးသန့်အသိပညာပေး ဆွေးနွေးပွဲများ၊ လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ချက် ချပိုင်ခွင့်နှင့် လုပ်အားခများ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ခြင်းဖြင့် ကူညီနိုင်သည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(င) <u>အရင်းအမြစ်များအပေါ်အသုံးပြုမှု၊ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှုအပေါ် သုံးသပ်ချက်</u>




**အရင်းအမြစ်များအပေါ်အသုံးပြုမှုပုံ**


## ပိုင်ဆိုင်မှု (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများ ပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် ပစ္စည်းများအား အမျိုးသားများနှင့် တန်းတူ ပိုင်ဆိုင်နိုင်။
- အချုပ်စက်၊ ဈေးဆိုင် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများ သည်လည်း အမျိုးသားများ နှင့် တန်းတူ ပြုလုပ်နိုင်ကြောင်း နှင့် တန်းတူ ပိုင်ဆိုင်ခွင့် ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## (စ) <u>အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံနှင့်သုံးသပ်ချက်</u>




### အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံအညွှန်း

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)


ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။

လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ၊ စသည်တို့သည်လည်း အုပ်ချုပ်ရေး အဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ဖွံ့ဖြိုးရေး ကို ဆောင်ရွက် ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့၊ အမျိုးသမီးရေးရာ စသည်တို့ သည်လည်း သက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းများနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (ဆ)<u>အမျိုးသမီး၊ အမျိုးသားအုပ်စုများ၏ အခက်အခဲ ပြဿနာများကိုသုံးသပ်ချက်။</u>




**အခက်အခဲ ပြဿနာများ**

## အခက်အခဲပြဿနာများ(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်)

**အမျိုးသားများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**

လမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊ မီးမရှိ၍ ညရေးညတာသွားလာရအဆင်မပြေခြင်း၊ ရွာတွင်းသောက်သုံးရေနည်းပါးခြင်း၊ ရင်းနှီးမတည်ငွေကြေးမရှိခြင်း၊ ကျောင်း၊ ဓမ္မာရုံ၊ ဘုရားစေတီမရှိခြင်း၊ မီးမရှိ၍ ကျောင်းသားများစာကြည့်ရန်ခက်ခဲခြင်း စသည်တို့ကိုအမျိုးသားများဘက်မှ တင်ပြဆွေးနွေးကြသည်။

**အမျိုးသမီးများမှ တင်ပြသောအခက်အခဲ/ပြဿနာများ**


မီးမရှိ၍ ညအခါသွားလာရအဆင်မပြေခြင်း၊ ကျေးရွာလမ်းခက်ခဲကျဉ်းမြောင်းခြင်း၊ ရေရရှိမှုနည်းပါးခြင်း၊ ဆေးရုံဆေးခန်းနှင့်အလှမ်းကွာဝေးခြင်း၊ စာသင်ကျောင်းမရှိ၍ ကလေးများပညာရေးခက်ခဲခြင်း၊ ဆက်သွယ်ရေးလမ်းမကောင်းခြင်း စသည်တို့ကို အမျိုးသမီးများဘက်မှ တင်ပြဆွေးနွေးကြသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။ အမျိုးသားများအဆိုပြုသောအခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ အများအားဖြင့် တူညီနေကြသည်။ အမျိုးသမီးများသည် ၄င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။ အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၄င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဇ)<u>ကျေးရွာမျှော်မှန်းချက် နှင့်သုံးသပ်ချက်။</u>




ကျေးရွာမျှော်မှန်းချက်များ

## ကျေးရွာမျှော်မှန်းချက်များ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

**အမျိုးသားများ၏မျှော်မှန်းချက်များ**

- ကျေးရွာလမ်းမီးရှိရမည်။
- ကျေးရွာလမ်းများနှင့် ရွာချင်းဆက်လမ်းများကောင်းမွန်ရမည်။
- သောက်သုံးရေပြည့်စုံရမည်။

**အမျိုးသမီးများ၏ မျှော်မှန်းချက်များ**


- ရွာလမ်းများအားလုံးကောင်းမွန်စေရေး
- လမ်းမီးရရှိရေး
- ရွာတွင် သောက်သုံးရေပြည့်စုံရေး
- ရွာတွင် ဓမ္မာရုံရှိရေး
- ဆက်သွယ်ရေးလမ်းကောင်းမွန်ရေး
- ကျေးရွာဆေးပေးခန်းရှိရမည်။

အမျိုးသမီးများသည် အမျိုးသားများနှင့် မတူညီသော မျှော်မှန်းချက်များ ရှိကြသည်။ အိမ်တွင်းမှု ကိစ္စများကို အများအားဖြင့် အမျိုးသမီးများကသာ လုပ်ဆောင်ကြရသည့် အတွက် အမျိုးသား များနှင့် မတူညီသော အိမ်တွင်းမှုနှင့် ဆက်စပ်သော မျှော်မှန်းချက်အချို့ကို အမျိုးသမီးများက မျှော်မှန်းထား ကြသည်။

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA TOOL များနှင့်

တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(ဈ)<u>ကျေးရွာဦးစားပေးလုပ်ငန်းများအဆင့် သတ်မှတ်ချက်။</u>




ကျေးရွာဦးစားပေးလုပ်ငန်းပြပုံ

## ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ဆုံလဲအုပ်စု၊ ခုနစ်တာကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ်ရာတွင် အဓိကလိုအပ်ချက်များ၊ အများသဘောတူသည့်အချက်များဖြင့် သတ်မှတ်ခဲ့ကြပါသည်။

**အမျိုးသားများမှာ -**

- ရွာတွင်းနှင့်ရွာချင်းဆက်လမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း
- အင်ဂျင်မီးလင်းရေး
- ရွာတွင်းကျောက်ချောလမ်း
- ရွာတွင်းသောက်သုံးရေ၊ စက်ရေတွင်းနှင့် ရေဖြန့်ဝေရေး လုပ်ငန်းများအား အဆိုပြုကြပါသည်။

**အမျိုးသမီးများမှာ -**

- အိမ်အရောက်ရေဖြန့်ဝေရေး
- ရွာတွင်းကျောက်ချောလမ်း
- ရွာလမ်းမီး ( အင်ဂျင်မီး)
- လျှပ်စစ်မီး
- အုတ်ရေတွင်း
- စက်ရေတွင်း တို့အားတောင်းဆိုကြပါသည်။

အများသဘောတူညီချက်နှင့် အမှန်တကယ်လိုအပ်ချက်အရ ပထမဦးစားပေးလုပ်ငန်းမှာ ရွာတွင်းနှင့်ရွာချင်းဆက်လမ်းချောင်းကျောက်ခင်းခြင်းဖြစ်၍ ဒုတိယဦးစားပေးလုပ်ငန်းမှာ စက်ရေတွင်း၊ ရေကန်နှင့် ရေဖြန့်ဝေရေးဖြစ်ပါသည်။



လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲနေပုံ

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများ



# ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

| စဉ် | တာဝန် | ရာထူး | အမည် | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက် ကော်မတီ | ဥက္ကဋ္ဌ | ဦးခင်ညွန့် | - |
| | | ဥက္ကဋ္ဌ | ဒေါ်ရီရီသန့် | - |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးချိုမင်းအောင် | 09794309501 |
| | | အဖွဲ့ဝင် | ဦးဆန်းမင်း | - |
| | | အဖွဲ့ဝင် | ဒေါ်သင်းသင်းဦး | 09775304629 |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်သီတာ | - |
| | | အဖွဲ့ဝင် | ဦးကျော်ဂင်း | - |
| | | အဖွဲ့ဝင် | ဒေါ်မိုးမိုးစန်း | - |
| ၄။ | လည်ပတ်/ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးသိန်းဖြိုးအောင် | - |
| | | အဖွဲ့ဝင် | ဒေါ်ချိုချိုအေး | - |
| | | အဖွဲ့ဝင် | ဒေါ်ကြည်ကြည်ဂင်း | - |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးသန်းဂင်း | 09780033356 |
| ၆။ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်ဇော် | - |
| | | အဖွဲ့ဝင် | ဦးဂင်းအောင် | - |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးထက်ဝေယံဖြိုး | 09791331933 |
| | | အဖွဲ့ဝင် | ဒေါ်ပန်းအိဖြူ | - |

## ၉။ကျေးရွာအခြေခံအချက်အလက်(PC-1)

ပုံစံ ၀-၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်၊

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးမောင်းကိုဦး | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉. 762468221 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်နှင်းရည်ချို |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ဆိုလဲ | ကျေးရွာ နန္ဒဝတာ |

ကာ၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၀ | ဘာသာ (၁) ---ဗုဒ္ဓ----- | ၃၀ |
| လူမျိုးစု (၂) ---ကရင်--- | ၁ | ဘာသာ (၂) ---ဗုဒ္ဓ----- | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၁ | ၅၄ |
| လူမျိုးစု (၁)--ကရင်-- | | ၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၉ | ၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| တသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | (လူသွားလမ်း) | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဖော်ပြစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၁---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်---------၁၀ မိနစ်--------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ငလျင်ကျခြင်း၊ မြေပြိုခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

## ၁၈။ စီမံကိန်းစက်ဝန်း အချိန်ဇယား( PC-2 )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

### ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နွဲ့စီရည်ဦး | | | |
| နေ့စွဲ ၂၂.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ခုံလဲ | ကျေးရွာ ရွှေဒီတာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂.၉.၁၇ | ၂၂.၉.၁၇ | ၂၀ | ၁၉ | ၃၉ | ဓရင် | ၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃.၁၀.၁၇ | ၃.၁၀.၁၇ | ၆ | ၁၄ | ၂၀ | ကရင် | ၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၈.၁၀.၁၇ | ၁၈.၁၀.၁၇ | ၂၆ | ၂၇ | ၅၃ | ဗမာ | ၅၃ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉.၁၂.၁၇ | ၉.၁၂.၁၇ | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | ၂၇ | ၂၅ | ၅၂ | ဗမာ | ၅၂ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၄.၁၁.၁၇ | ၁၄.၁၁.၁၇ | ၉ | ၁၀ | ၁၉ | ကရင် | ၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ထပ်မံလုပ်ရမည့်အစီအစဉ် ရေးဆွဲခြင်း | ၁၄.၁၁.၁၇ | ၁၄.၁၁.၁၇ | ၉ | ၁၀ | ၁၉ | ကရင် | ၁ |
| ၆.၃။ သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း | ၁၅.၁၁.၁၇ | ၁၅.၁၁.၁၇ | ၁၁ | ၁၃ | ၂၄ | ကရင် | ၁ |
| ၆.၄။ ပြည်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၅.၁၁.၁၇ | ၁၅.၁၁.၁၇ | ၁၁ | ၁၃ | ၂၄ | ဗမာ | ၂၄ |
| | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၃၀.၁.၁၈ | ၃၀.၁.၁၈ | ၈ | ၁၂ | ၂၀ | ဗမာ | ၂၀ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၀.၂.၁၈ | ၂၀.၂.၁၈ | ၁၂ | ၁၀ | ၂၂ | ကရင် | ၁ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၂.၃.၁၈ | ၂၂.၃.၁၈ | ၉ | ၁၀ | ၁၉ | ကရင် | ၁ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၂၄.၃.၁၈ | ၂၄.၃.၁၈ | ၁၆ | ၂၆ | ၃၁ | ကရင် | ၁ |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်( PC-3 )

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

**ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နွမ်းရည်ခိုင် | | | |
| နေ့စွဲ ၂၂.၉.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု ဆံ့လဲ | ကျေးရွာ ရွှေစိတော |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၁ | မီးမရှိ၍ ညဘက်သွားလာရ စာသင်မပြေခြင်း |
| ၂ | မီးမရှိ၍ ညဘက်သွားလာရ စာသင် မပြေခြင်း | ၂ | ကျေးရွာလမ်းခက်ခဲကျဉ်းမြောင်းခြင်း |
| ၃ | ရွာတွင်းသောက်သုံးရေ နည်းပါးခြင်း | ၃ | ရေရရှိမှု နည်းပါးခြင်း |
| ၄ | ရပ်ရွာမတည်ငွေကြေးမရှိခြင်း | ၄ | ဆေးရုံ၊ ဆေးခန်းမရှိ၍ တာဝန်ကျွမ်းကျင်ခြင်း |
| ၅ | ကျောင်း+ ဆေးရုံ+ ဘုရားစေတီမရှိခြင်း | ၅ | စာသင်ကျောင်းမရှိ၍ ကလေးများ ပညာရေး ခက်ခဲခြင်း |
| ၆ | မီးမရှိ၍ ကျောင်းသားများစာကြည့်ရန် ခက်ခဲခြင်း | ၆ | ဆက်သွယ်ရေးလမ်းမကောင်းခြင်း |
| ၇ | | ၇ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာလမ်းမီးရှိရမည်။ | ၁ | ရွာလမ်းများ အားလုံးကောင်းမွန်ရမည်။ |
| ၂ | ကျေးရွာလမ်းများမှ ရွာချင်းဆက်လမ်း ကောင်းမွန်ရမည်။ | ၂ | လမ်းမီးရှိရမည်။ |
| ၃ | သောက်သုံးရေပြည့်စုံရမည်. | ၃ | သောက်သုံးရေပြည့်စုံရမည်။ |
| ၄ | | ၄ | ဆေးရုံရှိရမည်။ |
| ၅ | | ၅ | ဆက်သွယ်ရေးလမ်းကောင်းရမည်။ |
| ၆ | | ၆ | ဆေးပေးခန်းရှိရမည်။ |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | အမျိုးသား+ အမျိုးသမီး | ၅၀ သိန်း | ၉၆ ဦး |
| ၂ | [illegible] (ရွာတွင်းမှ ရွာအဝင်လမ်းမကြီးထိ) | အမျိုးသား+ အမျိုးသမီး | ၆၀ သိန်း | |
| ၃ | ရွာတွင်း[illegible] လမ်းချောင်းကျောက်ခင်းခြင်း | အမျိုးသား+ အမျိုးသမီး | ၈၀ သိန်း | |
| ၄ | ရေရရှိရေး | အမျိုးသား+ အမျိုးသမီး | ၆၀ သိန်း | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။


| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ငွေကြေး၊ အရင်းအနှီး | အမျိုးသမီးများ | |
| ၂ | လုပ်အား[illegible]များ | အမျိုးသားများ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |


ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။


အမည် [illegible] ---------- လက်မှတ် [illegible] ---------- နေ့စွဲ ၂၂ ၊ ၉ ၊ ၂၀၁၇

[illegible]

## ၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းရွေးချယ်ခြင်း( PC-4 )







# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ဆုံလဲ** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ခုနှစ်တာ ` ရက်စွဲ-22-9-2017**

ဆုံလဲအုပ်စု၊ ခုနှစ်တာကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို (22-9-2017) ရက်နေ့တွင် ရွာထိပ်ဓမ္မာရုံဆောက်လုပ်ရန်လျာထားနေရာတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတ္တု ဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှုး**

# အစည်းအဝေးမှတ်တမ်း

**လူထုဗဟိုပြုစီမံကိန်း**(တတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ဆုံလဲ** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ခုနစ်တာ** **ရက်စွဲ - 3-10-2017**

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးကို (3-10-2017)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်( ၉ )နာရီတွင် စတင်ခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL)များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသော လူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ်ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်းအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီးတစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေးလုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာစီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ခုနစ်တာကျေးရွာ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အအုံ | ၁။ | ရွာတွင်းချောင်းကျောက်ခင်းခြင်း | ကျား၊မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | အင်ဂျင်မီး (ရွာတွင်းမှရွာအဝင်လမ်းမကြီးထိ) | ကျား၊မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃။ | ရွာတွင်းနှင့်ဆက်သွယ်ရေးလမ်းချောင်းကျောက်ခင်းခြင်း | ကျား၊မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄။ | ရေရရှိရေး | ကျား၊မ | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | ၁။ | ဆေးပေးခန်း | ကျား၊မ | - | - | ကျန်းမာရေးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁။ | ငွေကြေးအရင်းအနှီး | မ | ၂၀၁၈ | - | - |
| | ၂။ | လုပ်စားမြေများ | ကျား | ၂၀၁၈ | - | - |